www.burmeseclassic.com

# ကံချင်းမတူ

ရန်အောင်

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားသည့်နောက် မြန်မာပြည်၏ လွပ်လပ်ရေးအတွက် မြန်မာတွေ အားတိုက်အင်တိုက် အစွမ်းကုန်ဆောင်ရွက် အရေးဆိုနေဆဲ အချိန်ပင်ဖြစ်ပါသည်။

ကျွန်တော်ကား မီးရထားလမ်း မြို့နယ်ကလေးတစ်မြို့တွင်နေရသူဖြစ်ရာ၊ ငယ်စဉ်ကရန်ကုန်မြို့သို့ နှစ်ခေါက်သာရောက်ခဲ့ဖူးသည်။ ကြီးလာသောအခါ ရန်ကုန်မြို့ကြီးသို့သွားရောက်လည်ပတ်ရန် စိတ်ဇောသန်ခဲ့သော်လည်း အကြောင်းမသင့်၍ မရောက်နိုင်ခဲ့။ ထိုအတွင်း စစ်ကြီးဖြစ်လာလေရာ၊ ရန်ကုန်မြို့တွင် ဗုံးဒဏ်၊ စက်သေနတ်ဒဏ်များ လွန်စွာကြောက်ရသည်ပြောသဖြင့်၊ ရန်ကုန်မြို့သို့သွားလိုစိတ်ကို ဖိနှိပ် ချုပ်တည်း၍ ထားခဲ့ရသည်။

ယခုအခါ စစ်ကြီးပြီးပြီဖြစ်သဖြင့် ကျွန်တော်၏အာသာဆန္ဒပြည့်ဝတော့မည်ဟု ဝမ်းမြောက်အားတက်ကာ၊ ရန်ကုန်မြို့ကြီးသို့လာခဲ့ပါသည်။ ရန်ကုန်မြို့ကြီးကား၊ ကျွန်တော်ငယ်စဉ်အခါက ရောက်ဖူးသည်နှင့်လုံးဝမတူ တော့ဘဲ၊ စစ်ဘေးစစ်ဒဏ်ကြောင့် ပျက်စီးယိုယွင်းအိုမင်း ရင့်ရော်ကာ အချို့နေရာများတွင် ရွာဆိုးကုန်းကြီး၊ မြို့ ဟောင်းနေရာကြီးလို ဖြစ်၍နေတော့သည်။ သို့အတွက် ရန်ကုန်ရွှေမြို့တော်ကြီးသို့ ကျွန်တော်လာရကျိုး၊ လည်ပတ်ကြည့်ရှုရကျိုး မနပ်တော့ဟုထင်မိပါသည်။

သို့သော် ကျွန်တော့်အတွက် အရင်းမဆုံးသောအခါကောင်းနှင့် ကြုံခဲ့ပါသေးသည်။ အကြောင်းမူကား၊ ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသည့်အမျိုးသားတပ်ပေါင်းစုညီလာခံသဘင်ကြီးကို ရွှေတိဂုံကုန်းတော်တွင် ဆင်ယင်ကျင်းပနေသဖြင့်၊ ရန်ကုန်ရောက်ရကျိုးနပ်ပြီဟု အယူရှိကာ ထိုညီလာခံကြီးသို့ တက်ရောက်နားထောင်ခဲ့ပါသည်။

မြန်မာ့လွတ်လပ်ရေးအတွက် ခေါင်းဆောင်ကြီးများ၏ ဟောပြောချက်များကား၊ အတိုင်းမသိစိတ်အားတက်ကြွဖြစ်လျက်၊ မြန်မာ့လွတ်လပ်ရေးအတွက် တိုင်းပြည်လူထုအားလုံး အင်တိုက်အားတိုက်၊ စိတ်ပါလက်ပါဆောင်ရွက်ကြပုံများမှာ ကြက်သီးမွေးညင်းထဖွယ်ပင်ဖြစ်ပါသည်။

လွပ်လပ်ရေးရန်ပုံငွေအတွက် လယ်မြေလှူသူ၊ အိမ်ရာတိုက်တာ အဆောက်အဦလှူသူ၊ ငွေကြေးလှူသူများအလျှိုအလျှိုပေါ်ပေါက်ခဲ့ကြရာ၊ ညီလာခံပရိသတ်၏ကောင်းချီးသြဘာပေးမှုကို နားကွဲမတတ်ကြားရတွေ့ရသည်မှာ လွန်စွာ လွန်စွာ စိတ်တက်ကြွဖွယ်ကောင်းပါတော့သည်။

ကျွန်တော်လည်း အားကျမခံ ထက်သန်သောစိတ်များ ပေါ်လာကာ၊ လွပ်လပ်ရေးရန်ပုံငွေအတွက် လှူလိုသောဆန္ဒ ပြင်းထန်လာပါ၏။ ကျွန်တော့်တွင် ငွေကြေးအပိုအလျှံမပါပါ။ လယ်မြေယာမြေများ လှူဒါန်းရန်မှာလည်း ကျွန်တော်သည် မြေပိုင်ရှင်မဟုတ် လက်လုပ်လက်စားမျှသာဖြစ်ရကား၊ အကျပ်ကျ၍နေပါတော့သည်။

'လွပ်လပ်ရေးရန်ပုံငွေအတွက် ဘာများလှူဒါန်းရပါမည်နည်း' ဟု ကျွန်တော့်ဦးနှောက်ဆူဝေမတတ် ဖြစ်မိပါသည်။ ငွေလှူသူ၊ ပစ္စည်းလှူသူ၊ လက်ဝတ်လက်စား

www.burmeseclassic.com



လှူသူများကို ကောင်းချီးသြဘာပေးသည့် အသံသည် နားကွဲမတတ် ဆင့်ကာဆင့်ကာပေါ်လာလေရာ၊ ထိုအသံများကား၊ ကျွန်တော့်ကို လှောင်ပြောင်သရော်နေသကဲ့သို့ ထင်မိပါတော့သည်။

ကျွန်တော်၏ ထက်သန်ပြင်းပြလှသော စိတ်ကား၊ ဖုံးပေါက်ကွဲသလို ပေါက်ကွဲတော့သည်။ ကျွန်တော့်အား အပ ပယောဂမှိုကာ တစ်စုံတစ်ခုကို တိုက်တွန်းနေသကဲ့သို့ ဖြစ်တော့သည်။ ထို့ကြောင့် ကျွန်တော်သည် ထိုင်ရာမှ ငေါက်ခနဲထမိပါသည်။ ခေါင်းဆောင်ကြီးများ တရားဟောနေရာ စင်မြင့်ဆီသို့ တန်းတန်းမတ်မတ်လာခဲ့သည်။ စင်မြင့်ပေါ်သို့ ချဉ်းကပ်တက်ရောက်ခဲ့သည်။

ခေါင်းဆောင်ကြီးများသည်လည်းကောင်း၊ ညီလာခံပရိသတ်ကြီးသည်လည်းကောင်း၊ ကျွန်တော့်အား အံ့သြငေးမောကာကြည့်ရင်း၊ လွပ်လပ်ရေးရန်ပုံငွေအတွက် တစ်စုံတစ်ရာလှူတော့မည်ဟု မျှော်လင့်ရင်း စောင့်စားနေကြသည်။

ကျွန်တော်ကား ပရိသတ်ကိုလန့်ကာ၊ မျက်လုံးတွေပြာမိုက်၍သွား၏။ ထို့နောက် အရဲစွန့်ကာ ပြောထုတ်လိုက်ပါသည်။

"မြန်မာပြည်လွတ်လပ်ရေးရန်ပုံငွေအတွက် လှူစရာ တန်းစရာ ကျွန်တော့်မှာ ငွေကြေးဥစ္စာမရှိပါ။ ဒါကြောင့် ကျွန်တော့် ကိုယ်ခန္ဓာနဲ့ အသက်ကို လှူပါတယ်။ ခေါင်းဆောင်ကြီးများကရော တိုင်းပြည် လူထုကပါ မြန်မာပြည်လွတ်လပ်ရေးအတွက် သုံးလိုရာသုံးစေ လိုရာစေသဘောရှိ ပြုလုပ်နိုင်ပါတယ်"

သြဘာများနားကွဲမတတ် ဆူပွက်ထွက်ပေါ်လာပါသည်။ ကျွန်တော်ကား ထူမွှန်၍သွားသဖြင့်၊ သတိလစ်သကဲ့သို့ဖြစ်နေပါသည်။

ကျွန်တော်စင်မြင့်ပေါ်က ဆင်းခဲ့ပြီးနောက် ပရိသတ်အလယ်သို့ပြန်ရောက်သောအခါ ကျွန်တော်ပတ်ဝန်းကျင်ရှိလူအပေါင်းတို့သည် ကျွန်တော့်ကို အထူးအဆန်း သဖွယ်ငေးမောကြည့်ရှုကြ၊ မေးစမ်းကြနှင့် တလှုပ်လှုပ်တရှုရှုဖြစ်နေပါသည်။

ထိုအခိုက် ကျွန်တော့်ကိုဝိုင်းပတ်နေသည့် လူများ၏ကြားမှထိုးထွက်ကာ ကျွန်တော့်အပါးသို့ ချဉ်းကပ်လာသည့်မိန်းမပျိုကလေးတစ်ဦးကိုမြင်ရသည့်အတွက် ကျွန်တော် အံ့သြစွာကြည့်နေစဉ်၊ ထိုမိန်းမပျိုသည် မျက်ရည်တွေဝဲကာ ရင်ကလေး တဖိုဖိုတလှိုက်လှိုက် ဖြစ်နေရှာလျက် ကျွန်တော်၏လက်ကိုဆွဲပြီး "ကိုခင်မောင်–ကိုခင်မောင်" ဟုခေါ်ငင်ရှာလေတော့သည်။

ကျွန်တော်ကား အံ့အားသင့်၍သွားပြီး၊ သူ့ကိုကြောင်စီစီကြည့်နေမိပါသည်။ ကျွန်တော့်ပတ်ဝန်းကျင်ရှိ လူများသည်လည်း ကျွန်တော်တို့ကို စိတ်ပါဝင်စားစွာ ဝိုင်းဝန်းကြည့်နေကြရာ မိန်းမပျိုသည် ထိုသူများ၏ဘက်သို့လှည့်ပြီး "ဒါ–ကျွန်မယောက်ျားပါရှင်၊ မြန်မာ့တပ်မတော်ကဗိုလ်ပါ၊ ဂျပန်ကိုတော်လှန်စဉ်ကျဆုံးခဲ့တယ်လို့ သူ့တပ်သားတွေက ပြောလို့ကျွန်မမှာ မျက်ရည်နဲ့မျက်ခွက်ဖြစ်ပြီး သူ့အတွက်သပိတ်တောင် သွပ်ရပါသေးတယ်။ အခုလို မသေမပျောက်တွေ့ရတာ ဝမ်းသာလို့ မဆုံးနိုင်ပါဘူး" ဟု ကရားရေလွှတ်တတွတ်တွတ်ပြောရှာပါတော့သည်။

ကျွန်တော်ကား ပြန်၍ပြောရန် စကားစ ရှာမတွေ့တော့ပါ။ ကလေးမကား လူမှား၍နေချေပြီ၊ ကျွန်တော်က သူ့ခင်ပွန်းကိုခင်မောင်ဆိုသူ မဟုတ်ရကြောင်း ငြင်းပယ်လိုက်လျှင် ကလေးမမှာ ရင်ကွဲပက်လက်ဖြစ်ရှာမည့်အပြင် ပရိသတ်ဗိုလ်ပုံအလယ်တွင် အရှက်တကွဲအကျိုးနည်းလည်း ဖြစ်ရှာတော့မည်။ ထို့ကြောင့် ကျွန်တော် ဘာစကားကိုပြောရမည်မသိသဖြင့် တွေတွေကြီးလုပ်ကာ ကလေးမကို ကြည့်နေမိပါသည်။ အနီးအနားရှိ လူများကလည်း ကျွန်တော်၏ အမူအရာထူးခြားပုံကို အကဲခတ်ကာ၊ ကြည့်နေကြပါသည်။

"ကိုခင်မောင် .... မြကိုမမှတ်မိတော့ဘူးလားရှင်" ဟု ဝမ်းနည်းသံဖြင့် ကျွန်တော့်ကိုပြောပြီး၊ အနီးရှိလူများ၏ဘက်သို့လှည့်ကာ "ကျွန်မယောက်ျားဟာ စစ်ထဲမှာ ဒဏ်ရာရပြီး နည်းနည်းစိတ်နောက်နေတယ် ထင်ပါရဲ့ရှင်၊ ဒါကြောင့် ရန်ကုန်ရောက်ရဲ့သားနဲ့ ကိုယ့်အိမ်ကိုယ်ပြန်မလာတာပေါ့၊ ခုတင်က စင်မြင့်ပေါ်တက်ပြီး၊ သူလုပ်ပုံတွေကိုကြည့်ပါလားရှင်၊ လွတ်လပ်ရေးရန်ပုံငွေအတွက် သူ့မှာလှူစရာ၊ တန်းစရာငွေဥစ္စာမရှိတဲ့အတွက် သူ့ခန္ဓာနဲ့အသက်ကို လှူပါသတဲ့။ မြန်မာ့လွတ်လပ်ရေးအတွက် အသက်ကို အသက်မမှတ်ဘဲ၊ တိုက်ခဲ့ခိုက်ခဲ့တဲ့ စစ်သူရဲကောင်းကြီးလုပ်ခဲ့တဲ့လူဖြစ်တော့၊ အခုလိုညီလာခံသဘင်

www.burmeseclassic.com



ကြီးမှာ သူများတကာတွေ လှုကြ၊ တန်းကြတာအားကျပြီး စိတ်လိုက်မာန်ပါ တက်လုပ်လိုက်တာပဲရှင့်၊ စိတ်ကလည်း နည်းနည်း..."

ကလေးမကား ကျွန်တော့်ကို ကရုဏာသက်လှသည့် မျက်နှာထားဖြင့်ကြည့်ကာ၊ ကျွန်တော်စိတ်နောက်ကြောင်း လုံးစေ့ပတ်စေ့ ဆက်၍မပြောသည့်သဖွယ် စကားမဆုံးဘဲ ရပ်ထားလိုက်ပါသည်။

အနီးရှိလူများသည်လည်း ကျွန်တော့်အား တကယ်စိတ်နောက်နေသူဟု မှတ်ထင်ကာ၊ ကြင်နာသနားသည့် မျက်နှာထားဖြင့်၊ ကြည့်ကြပါသည်။ 'မြ' ဆိုသည့် ကလေးမကိုလည်း သနားကရုဏာသက်သည့် အမူအရာဖြင့်ကြည့်ကြသည့်အပြင်၊ ကျွန်တော်တို့ချင်း ထူးခြားစွာ ပြန်လည်ဆုံတွေ့ရသည့်အတွက် ကျေနပ်ဝမ်းမြောက်သည့် မျက်နှာထားမျိုးလည်း ပေါ်နေကြပါသည်။

"လာ–ကိုခင်မောင်..... အိမ်ပြန်ကြစို့" ဟု မြက ကျွန်တော်၏လက်ကို ယုယစွာ ဆွဲခေါ်လေတော့ရာ၊ ကျွန်တော့်မှာ တစ်စုံတစ်ရာ ငြင်းပယ်ရန်းကန်ခြင်း မပြုနိုင်တော့ဘဲ၊ လိုက်ပါသွားမိပါသည်။

ရွှေတိဂုံဘုရား၏ တောင်ဘက်စောင်းတန်းမှ နှစ်ယောက်ယှဉ်တွဲကာ၊ မြက ကျွန်တော့် လက်ကိုကိုင်ဆွဲရင်း၊ ဆင်းခဲ့ကြပါသည်။ ခြေတော်ရင်းသို့ရောက်သည်နှင့် တစ်ပြိုင်နက်၊ လူငယ်တစ်ဦး ကျွန်တော်တို့ထံသို့ ပြေးကပ်လာပြီး "ဟာ... အစ်ကိုကြီးပါလား၊ ဘယ်မှာတွေ့ခဲ့သလဲ မမ" ဟု ပျာပျာသလဲမေးပါသည်။

"ကုန်းတော်ပေါ်က ညီလာခံသဘင်မှာ တွေ့ခဲ့တယ်ကွဲ၊ သို့ပေမဲ့ မင်းကို့အစ်ကိုကြီး ...." ဟု မြက ပြောပြီး ထိုသူငယ်၏ဘက်သို့လှည့်ကာ၊ မျက်ရိပ်မျက်ခြည်ပြလိုက်ပါသည်။ ကျွန်တော်စိတ်နောက်နေကြောင်း အထိမ်းအမှတ်ပြလိုက်ခြင်းဖြစ်ပါ၏။

"ဩော်" ဟု ထိုသူငယ်ပြောပြီး လမ်းဘေးတွင် ရပ်ထားသည့်မော်တော်ကားပေါ်သို့ တက်ကာ၊ ကျွန်တော်တို့ အနီးသို့ မော်တော်ကားကို မောင်းနှင်ခဲ့ပြီး၊ ထိုးရပ်လိုက်ပါသည်။ ထို့နောက် ထိုသူငယ်ပင် မော်တော်ကား နောက်တံခါးကို ဖွင့်ပေးပါ၏။

"လာ...ကိုခင်မောင်၊ မော်တော်ကားပေါ်တက်၊ အိမ်သွားကြစို့နော်" ဟု မြကကျွန်တော့်လက်ကို ဆွဲကာ၊ မော်တော်ကားပေါ်သို့ တက်စေရာ၊ ကျွန်တော့်မှာ မငြင်းပယ်သာဘဲ တက်ရပါတော့သည်။

"ထွန်းမြတ်ရေ....အိမ်ကိုမမောင်းနဲ့ဦးဟေ့၊ မြို့ကို တစ်ပတ်လောက်ပတ်ပြီး မင့်အစ်ကိုကြီးကို ပြလိုက်စမ်းပါဦးကွယ့်။ လေကောင်းလေသန့်ကလေးများ ရှူရအောင်" ဟု မြက ဒရိုင်ဘာ ထွန်းမြတ်ကိုပြောရာ၊ ဒရိုင်ဘာလည်း မြ၏ အမိန့်အတိုင်းပင် ဘုရားလမ်းတစ်လျှောက် သိမ်ကြီးဈေးဆီသို့ မောင်းခဲ့ပါသည်။

ကျွန်တော်ကား ဘာစကားမှ မပြောနိုင်ပါ။ ကျွန်တော်ပြောရန်စကားစလည်းရှာမရပါ။ ကျွန်တော့်ကို လူမှား၍နေကြောင်း ဖွင့်၍ပြောရလျှင် တော်လေမည်လားဟု အကြိမ်ကြိမ် တွေးမိပါသည်။ သို့သော် ထိုကဲ့သို့ ပြောမည်ကြံတိုင်း၊ ကျွန်တော်ပါးစပ်တွင် အာစေးထည့်ထားသကဲ့သို့ မပြောနိုင်အောင် ဖြစ်ရပါ၏။

အကြောင်းရင်းကိုရှာသော်၊ ကျွန်တော့်ကိုမြက သူ့လင်ဟု ထင်ကာ၊ လင်ပြောသားပြော ပြောနေခြင်းကို လွန်စွာကြည်နူးနှစ်သိမ့်၍ နေမိသည်။ ယခုကဲ့သို့ မော်တော်ကားကြီးအတူ တွဲစီးရခြင်းမှာလည်း ကျွန်တော့်အတွက် နတ်၏စည်းစိမ်ကို ခံနေရသကဲ့သို့ပင်ဖြစ်သည်။ မြ၏ ယောကျ်ားစစ်ဗိုလ်မှာ စစ်ပွဲတွင် ကျဆုံးပြီဖြစ်ဟန်တူ၏။ ထို့ကြောင့်သာ ယနေ့ထိ မြထံမရောက်လာခြင်းဖြစ်သည်။ မြကား သူ့လင်သေပြီမှတ်ကာ၊ အပူကြီးပူခဲ့ရှာမည်။ ယခုသူ့လင်သည် မသေမပျောက် ပြန် ရောက်လာပြီဟု မှတ်ထင်ကာ၊ အတိုင်းမသိဝမ်းမြောက် ရွှင်မြူးနေသည်။ ကျွန်တော် သူ့လင်မဟုတ်ကြောင်း တပ်တပ်အပ်အပ် ပြောပြလိုက်ပါလျှင် သူ၏ပျော်ရွှင်ဝမ်းသာမှုတွေ အားလုံးပျောက်ကာအနာဟောင်းထသလို အပူကြီး ပြန်၍ ပူရှာတော့မည်။ ကျွန်တော်ကား၊ မြစိတ်မချမ်းမသာဖြစ်မည့်ကိစ္စကိုမပြုရက်၊ မပြောရက်အောင်ဖြစ်ချေပြီတကား။ ရှင်းရှင်းပြောရလျှင် ကျွန်တော်သည် မြအပေါ်တွင် မေတ္တာကရုဏာ သံယောဇဉ်ကြိုးတွေ ရစ်ပတ်ဖွဲ့စည်းချေပြီတကား။

ကျွန်တော်ထိုကဲ့သို့ တွေးတောရီဝေနေစဉ် "မောင်ရန်ကုန်ကိုရောက်တာ ဘယ်လောက်ကြာပြီလဲဟင်" ဟု မြက ကျွန်တော့်ကိုကြည့်ကာ မေးပါသည်။

"ဘယ်နှစ်ရက်ကြာနေမှန်းတောင် မသိတော့ပါဘူး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မြရယ်" ဟု ကျွန်တော်ကပြောလိုက်ရာ မြမှာ မျက်ရည်ကလေးလည်၍ နေရှာပါသည်။

"မောင်ဘယ်မှာနေပြီး ဘယ်လိုစားသောက်နေသလဲ" ကျွန်တော်ကား မြထင်နေသည့်အတိုင်းပင် စိတ်နောက်ဟန်ပြုကာ၊ စိတ်နောက်နေသူများ ပြောသလို ပြောအံ့ဟု ကြံစည်တွေးတောနေစဉ်၊ "အို…မောင့်ဦးနောက်တွေ မကောင်းသေးဘူးထင်ပါရဲ့၊ မြက တောမေးတောင်မေး မေးရင်၊ မောင့်ဦးနှောက် နောက်သထက်နောက်နေပါလိမ့်မယ်လေ။ မမေးတော့ပါဘူး။ ဘာမှပြန်မပြောနဲ့မောင် ဟောဒီဟာ သိမ်ကြီးဈေးမောင်ရဲ့၊ ဒီရုံနဲ့ စီရုံကို အင်္ဂလိပ်တွေ ပြေးကာနီးမှာ မီးရှို့ပစ်ခဲ့လို့ အတွင်းမှာ ဆိုင်တွေ မရောင်းနိုင်ဘူး။ အပြင်တန်းမှာဘဲ ရောင်းကြတယ်" ဟု မြကမော်တော်ကားပေါ်မှ လက်ညှိုးညွှန်ကာ ပြပါသည်။

မော်တော်ကားသည် တရုတ်တန်းတစ်လျှောက် ကမ်းနားဘက်သို့ မောင်းခဲ့ပြီး၊ ကမ်းနားလမ်းအတိုင်း အရှေ့ဘက်သို့ကွေ့ကာ မောင်းခဲ့ပါသည်။

"ဟော ဒီနေရာဟာ ဗိုလ်တထောင် ဘုရားပေါ့ မောင်ရဲ့။ ဂျပန်လက်ထက်က အင်္ဂလိပ်တွေရဲ့ ဗုံးဒဏ်ကြောင့် ပျက်စီးရတယ်" ဟု မြကပြောပြပြန်ပါသည်။

ထို့နောက် ဗိုလ်တထောင်မှကွေ့ကာ ပုဇွန်တောင် မီးရထားခုံးကြီးမှ ကျော်ဖြတ်မောင်းနှင်ခဲ့ရာ၊ အတန်ကြာလျှင် ကန်တော်ကြီးစောင်းသို့ ရောက်ခဲ့ပါသည်။

"ဟော့–ထွန်းမြတ် မော်တော်ကားကို ခဏလောက်ရပ်ပါကွယ်"ဟုမြကပြောသဖြင့်၊ ဒရိုင်ဘာသည် ကန်တော်ကြီးစောင်းတွင် ရပ်လိုက်ပါသည်။

"မောင်…ပတ်ဝန်းကျင် စိမ်းစိမ်းစိုစိုတွေ ကြည့်နော်။ လေကောင်းလေသန့်လည်း ဝအောင်ရှူ ဟုတ်လား။ ဒီကနေဖူးမှ ရွှေတိဂုံစေတီတော်ကြီးဟာ၊ ပိုပြီး ကြည်ညိုဖို့ မကောင်းဘူးလားမောင်ရယ်" ဟု မြက တီတီတာတာ ပြောကာ လက်ညှိုးကလေးတငေါက်ငေါက်နှင့် ပြရှာပါတော့သည်။

ကျွန်တော်၏စိတ်တွင် မြနှင့်ကျွန်တော်မှာ တကယ်ပင် လင်မယားဟု ထင်မှတ်မိကာ၊ ဤကဲ့သို့ တစ်သက်လုံး နေသွားချင်စိတ်ပေါ်လာပါသည်။ မတော်တဆ သူ့လင်အရင်း ကိုခင်မောင်ဆိုသူ ရောက်လာပါက၊ ကျွန်တော်တို့ချင်းကွဲကာ ကွေကွင်းရတော့မည်ဟု တွေးမိကာ၊ ကိုခင်မောင်ဆိုသူရောက်မလာပါစေနှင့်ဟုပင် ဆုတောင်းမိပါသေးသည်။

"အိမ်ပြန်ကြစို့လားမောင်ရယ်" ဟု မြက ပြောသဖြင့် ကျွန်တော်ခေါင်းညိတ်ပြလိုက်ပါသည်။ မော်တော်ကားသည်ကန်တော်ကြီးကိုပတ်ပြီးနောက် ကိုယ့်မင်းကိုယ့်ချင်းလမ်းပေါ်သို့ရောက်လာသည်။ ထို့နောက် ကုက္ကိုင်းလမ်းပေါ်တွင် ပြေးလျက်ရှိသည်။ အတန်ကလေးကြာလျှင် ကျယ်ဝန်းသော ဝင်းကြီးတစ်ခုအတွင်းသို့ ဝင်ခဲ့သည်။ ကျွန်တော်ကား မည်သူနှင့်တွေ့ပြီး၊ မည်ကဲ့သို့သော အဖြစ်ထူးမျိုးနှင့် ကြုံရလေဦးမည်နည်းဟုတွေးကာ အသည်းတထိတ်ထိတ် ရင်တဖိုဖိုရှိတော့သည်။

ဝင်းအတွင်းရှိ တိုက်ခံအိမ်ကြီးတလုံး၏ ဆင်ဝင်အောက်တွင် မော်တော်ကားရပ်လိုက်သည့် တစ်ပြိုင်နက် "မေမေ…မေမေ" ဟု မြက ကြည်လင်အောင်မြင်သည့် အသံကလေးနှင့် လှမ်းခေါ်လိုက်ပါသည်။

အသက် ၅၀ ကျော်အရွယ် အဒေါ်ကြီးတစ်ယောက် တိုက်တွင်းမှ ထွက်လာကာ၊ကျွန်တော်တို့ကို မြင်လျှင်ပင် "ဟဲ့–မောင်ခင်မောင် မဟုတ်လား၊ ဘယ်မှာ တွေ့ခဲ့သလဲ" ဟု ဝမ်းသာအားရပြောပြီး မော်တော်ကားအနီးသို့ ပြေးကပ်လာပါသည်။

မော်တော်ကားတံခါးကို ဒရိုင်ဘာဖွင့်ပေးသဖြင့်၊ ကျွန်တော်တို့နှစ်ယောက် ဆင်းကြလေရာ၊ မြ၏မိခင်ကြီးမှာ ကျွန်တော့်အားပွေ့တော့မလို ဖက်တော့မလိုပြုရင်း၊ "အမယ်လေး.. ဝမ်းသာလိုက်တာ သားရယ်–မေမေတို့ဖြင့်၊ မင်းသေပြီကြားလို့ ပူလိုက်ဆွေးလိုက်ရတာ မပြောပါနဲ့တော့" ဟု ဆိုရှာသည်။

ကျွန်တော်လည်း အလိုက်သင့်အလျားသင့်လိုက်လျော ပြောဆိုရန် စကားရှာကြံ၍မရသဖြင့် ငေးကြောင်ကြောင်ဖြစ်ကာ၊ မြတို့အမေကို စိုက်ကြည့်နေစဉ်၊ မြသည် သူ့မိခင်ကိုလက်တို့ပြီး တိုက်အတွင်းသို့ ခေါ်သွားပါသည်။

ကျွန်တော်ဦးနှောက်ပျက်ကာ စိတ်နောက်တောက်တောက်ဖြစ်နေကြောင်း၊ တိုးတိုးတိတ်တိတ် ပြောပြခြင်းဖြစ်မည်ဟု တွေးမိပါသည်။ ချက်ချင်းလိုပင် မြထွက်လာပြီး…

"လာ–မောင်။ တိုက်ထဲကိုဝင်လေ" ဟု ခေါ်သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တိုက်တွင်းသို့ဝင်မည့် ဆဲဆဲတွင် ရန်သူတော်တစ်ဦးပေါ် လာပါတော့သတည်း။

သဘော်ခွေး အမွေးစုတ်ဖွားကလေးသည် ကျွန်တော့် အား စားတော့မတတ်၊ ဝါးတော့မတတ် ဟောင်ဟိန်းကာ ကိုက်ခဲမည်တကဲကဲ ပြုနေပါတော့သည်။

"ဟဲ့ ပါပီ၊ ဒါနင့်သခင်လေ၊ အမယ်လေး သခင်နဲ့ ကွဲနေတာကြာလို့ မေ့နေတယ်ထင်ပါရဲ့ မောင်ရယ်။ ဒါမှ မဟုတ်ရင်လည်း မောင်တခြားကို ကြာရှည်လေးမြင့် သွားနေရမလားလို့ စိတ်ဆိုးစိတ်နာပြီး၊ ရန်တွေ့တာများလား မဆိုနိုင်ဘူး" ဟု မြကပြောသော်လည်း၊ ကျွန်တော်ကား ကိုယ့် အကြောင်းကိုယ်သိကာ၊ ဝမ်းတွင်းက ပြုံးမိပါသည်။

ခွေးကလေးကိုမြက ပွေ့ဖက်ထားသဖြင့် ကျွန်တော် တိုက်တွင်းသို့ဝင်ကာ ကုလားထိုင်တစ်လုံးပေါ်တွင်ထိုင်ရာ မြမှာလည်း ခွေးကလေးကိုပွေ့ချီရင်း၊ ကျွန်တော်၏အနီး ကုလားထိုင်တွင် ထိုင်ပါသည်။ ပါပီကား မြ၏ရင်ခွင်ထဲ ကပင် ကျွန်တော့်ကို ပြူးတူးပြဲတဲကြည့်ကာ တဟင်းဟင်း၊ တဟဲဟဲလုပ်၍နေသဖြင့်၊ ကျွန်တော်အတော်ကြီး ထိတ်လန့်တုန်လှုပ်မိပါသည်။ အကြောင်းမူကား ကျွန်တော် သည် မြ၏လင် ကိုခင်မောင်မဟုတ်ကြောင်း မြအစရှိသော လူအပေါင်းတို့က မသိကြသေးသော်လည်း ပါပီက ကောင်းစွာသိပါသည်။ ခွေးက ဟိန်းဟောင်တိုင်း၊ ကျွန် တော်၏နားတွင် "နင်ဟာ–ငါ့သခင်မဟုတ်ဘူး၊ အတု အယောင် လူညာ၊ နင်ငါတို့အိမ်မလာနဲ့၊ အခုထွက်သွား" ဟု အော်ဟစ်မောင်းနှင်နေသကဲ့သို့ မှတ်ထင်ကာ ရက်စိတ် ကြောက်စိတ်တွေ ပေါ်၍နေပါတော့သည်။

ကျွန်တော်ကား စကားထွေထွေလာလာမပြောဘဲ၊ ထူးဆန်းစွာ တွေ့ရကြုံရပုံတွေကို အံ့သြ–တွေဝေစွာ တွေး တောနေမိပါသည်။ ထိုကဲ့သို့ ကျွန်တော်တွေတွေ ဝေဝေ ကြီးဖြစ်နေခြင်းမှာ၊ ကျွန်တော်၏ဦးနှောက်မကောင်းဘဲ စိတ်နောက်သည့်ဝေဒနာကြောင့်ဟု မြကထင်မှတ်ကာ ကျွန်တော့်အားလည်း စကားအကျယ်အပွားမပြောဘဲ ငြိမ်သက်တိတ်ဆိတ်စွာ ကျွန်တော်၏အကဲကလေးကို ကြည့်နေပါသည်။

ကျွန်တော်သည်မြတို့၏တိုက်အတွင်းရှိ၊ အိမ်ထောင် ပရိဘောဂများကို ကြည့်ရှုမိပါသည်။ တစ်ယောက်ထိုင် နှစ်ယောက်ထိုင် ဆိုဖါကြီးများ၊တဖိတ်ဖိတ်တောက် ပြောင် သည့် စားပွဲကုလားထိုင်၊ ဗီရိုကြီးများ၊ အဖိုးတန် နာရီကြီး များ စသည်တို့ကို တစ်ခုပြီးတစ်ခု ကြည့်ရှုမိစဉ်၊ တစ်စုံတစ်ခုသောနေရာသို့ မျက်စိစူးစိုက်မိရာ၊ ကျွန်တော် အတိုင်းမသိ အံ့သြသွားမိပါသည်။

အလျား ၃ပေခန့်၊ အနံ ၂ ပေခန့်ရှိသော ရွှေဘောင် ကြီးအတွင်းတွင် မြန်မာ့တပ်မတော် စစ်ဝတ်တန်ဆာအစုံ အလင်နှင့် ရိုက်ထားသည့်ဓာတ်ပုံကား၊ ကျွန်တော်နှင့် ရွေးမရအောင် တူသောပုံ ဖြစ်နေလေတော့သည်။ ကျွန် တော်နှင့်ကိုခင်မောင်မှာ တူယောင်ရိုးမှားမျှသာဖြစ်လျှက်၊ မြတို့နှင့်ကွဲကွာနေသည်မှာ ကြာပြီဖြစ်သောကြောင့် ကောင်းကောင်းမမှတ်မိသည့်အတွက် မြတို့ကကျွန်တော့် ကို ကိုခင်မောင်ဟု ထင်ယူစွဲပိုက်ခြင်း ဖြစ်သည်ဟု ကျွန် တော်ထင်မိခဲ့သော်လည်း၊ ယခု–ကိုခင်မောင်ပုံ၏ပုံကို မြင်ရ သောအခါတွင်ကား၊ ကျွန်တော်၏ထင်မြင်ယူဆချက်အ တိုင်းမဟုတ်ဘဲ ကျွန်တော်နှင့်ကိုခင်မောင်မှာ လူအစစ်နှင့် မှန်ထဲကပုံပမာ ချွတ်စွပ်တူနေကြောင်းကို တွေ့ရလေရာ မြသာမက၊ ကိုခင်မောင်ကို သိသူမှန်သမျှသည် ကျွန်တော့် အား ကိုခင်မောင်ဟုပင် ထင်မှတ်ကြတော့မည်ဟု တွေးမိပါ သည်။သို့သော် ကျွန်တော်ကား ကိုခင်မောင် မဟုတ် ကြောင်းကို သိသူတစ်ဦးတည်းသာ ရှိပါသည်။ ထိုတစ်ဦး ကား စကားမပြောတတ်သည့်ခွေးကလေး ပါပီပင် ဖြစ်ပါ တော့သည်။ ပါပီသာစကားပြောတတ်သူ ဖြစ်ပါဘိမူကား၊ ကျွန်တော်၏အခြေအနေမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွား မည် အမှန်ပင်ဖြစ်ပါတော့သည်။

"မောင်..ရေချိုးလိုက်ပါဦးလား–မောင့်အဝတ်အစား တွေကလည်း မည်းလုညစ်လှပါပြီမောင်ရယ်၊ ရေချိုးပြီးမှ အဝတ်အစားလဲရအောင်နော်" ဟု မြကပြောသဖြင့်၊ ကျွန် တော် ထိုင်ရာမှ ထပါသည်။ သို့သော် ကိုယ့်အိမ်ကိုယ့်ရာ မဟုတ်သဖြင့်၊ ရေချိုးခန်းမည်သည့်နေရာတွင် ရှိသည်ကို ကျွန်တော်အဘယ်မှာလျှင် သိပါအံ့နည်း။

ထို့ကြောင့် ကျွန်တော်မတ်တတ်ရပ်ရင်း ယောင် ငေးငေးကြီး ဖြစ်နေသည်ကို မြင်သောမြသည် ကျွန်တော် ၏ စိတ်တွေရီဝေနောက်ကျိနေသဖြင့် မသွားတတ်မလာ တတ်ဖြစ်သည်ဟု ထင်ကာ၊ "ဟော့. မိတုတ်ရေ လာစမ်း၊ မောင့်ကိုရေချိုးခန်းလိုက်ပြလိုက်၊ ရေလဲတို့ ဆပ်ပြာခွက်တို့ မျက်နှာသုတ်ပုဝါတို့ အသင့်ထုတ်ပေး ဟော့" ဟု အစေခံမ

www.burmeseclassic.com

www.burmeseclassic.com



ကလေးကို အမိန့်ပေးပါသည်။

ကျွန်တော်ကား အစေခံမကလေး ရှေ့ဆောင်ညွှန်ပြရာသို့လိုက်ပါကာ၊ ရေချိုးခန်းတွင်ရေချိုးရပါ၏။ သို့ချိုးရင်း ကိုခင်မောင်၏ဘဝနှင့် ကျွန်တော့်ဘဝကို နှိုင်းယှဉ် စံထိုး၍ကြည့်မိပါသည်။ ကျွန်တော်ကား တောတွင် မွေးသည့် တောသားသာဖြစ်ခဲ့ပါသည်။ ကိုခင်မောင်ကား၊ မြို့ကြီးပြကြီးသားဖြစ်လျက်၊ စည်းစိမ်ဥစ္စာဘောဂဗလနှင့် ပြည့်ဝကုံလုံသူဖြစ်ပါသည်။ ကျွန်တော်ကား ကံထူးသဖြင့် ရွှေအိမ်ဘုံမြင့်ခုနစ်ဆင့်သို့ ရောက်လာရသော ကျီးငှက်ပမာ အတန်ကြာလျှင် ပျံသန်းထွက်ခွာသွားရလေမည်လားဟု တွေးမိသောအခါ ကျွန်တော်အကြီးအကျယ် စိတ်မချမ်းမသာဖြစ်ရပါတော့သည်။ ကိုခင်မောင် ပြန်မလာပါစေနှင့်ဟု ကျွန်တော်မတောင့်တထိုက်သော ဆုကိုပင် တောင်းမိပါသည်။

ထိုအခိုက် "မောင်...မောင်" ဟု ခေါ်သည့်မြ၏အသံကိုရေချိုးခန်းအပြင်ဘက်မှ ကြားရသဖြင့် အလန့်တကြားဖြစ်ကာ "ဘာလဲ-မြ" ဟု ကျွန်တော်က ထူးလိုက်ပါသည်။

"သြော်...တခြားကြောင့် မဟုတ်ပါဘူး၊ မောင်ရေချိုးတာကြာလွန်းလို့ မူးများလဲနေသလားလို့ စိုးရိမ်ပြီး ခေါ်ကြည့်တာပါ" ဟု မြ၏အသံကို ကြားရပါသည်။

ကျွန်တော်ကား ကြင်နာလှသော မယားကလေးကို ရနေသဖြင့် ဝမ်းမြောက်မိလှပါသည်။ သို့သော် အမှန်စင်စစ်မှာကား မြမှာ ကျွန်တော်နှင့်မဆိုင် ကျွန်တော်ပိုင် မဟုတ်ကြောင်း တွေးမိသောအခါ စိတ်ပျက်အားငယ်မိပါတော့သည်။ မတော်တဆ ကိုခင်မောင် မသေမပျောက်ဘဲ ပြန်ရောက်လာမည်လားဟု တွေးကာ၊ ပူပန်စိုးရိမ်မိပါသေးသည်။

"မောင်ရေ ရေချိုးပြီးရင် ပြောနော်၊ မောင့်လုံချည်အဟောင်းကို ပြန်မဝတ်နဲ့၊ ဟောဒီက လုံချည်သစ်ကို ဝတ်ရမယ်" ဟူသော မြ၏အသံကို ကြားရသည့်အတွက် ရေချိုးပြီးလျှင် တံခါးဖွင့်လိုက်ရာ လုံချည်သစ်ကိုင်ကာ၊ စောင့်စားနေသော မြကိုတွေ့ရပါသည်။

ကျွန်တော်လုံချည်လဲပြီးလျှင်၊ မြက "လာ မောင် အဝတ်အစားလဲရမယ်" ဟု ပြောကာ၊ ရှေ့ဆောင်ခေါ်ငင်သွားသဖြင့်အပေါ်ထပ်သို့ တက်လိုက်သွားရပါသည်။ အဝတ်လဲခန်းတွင် အဝတ်ဗီရိုများ ကိုဖွင့်ပေးပြီး "ကဲမောင် ဝတ်ချင်တာဝတ်" ဟု စေတနာရေစီးကမ်းပြို လိုက်ပါတော့သည်။

အဝတ်ဗီရိုထဲတွင် အဝတ်အစား အသစ်စက်စက်များက ဗီရိုတစ်လုံး၊ လျှော်ဖွပ်ပြီး မီးပူတိုက်ပြီးများက တစ်လုံးဖြစ်ရာ၊ ထိုအဝတ်များကား၊ သူတို့၏ အရှင်သခင်ကို မျှော်လင့်စောင့်စားနေကြဟန်တူပါသည်။ အဝတ်များသည် ပါဗီကဲ့သို့ သိတတ်သောဝိညာဉ်သာ ရှိကြပါက ကျွန်တော့်အား လှောင်ပြောင်သရော်ကြပေလိမ့်မည်။ ကျွန်တော်ကား အဝတ်အစားများကို ကြည့်ရင်း တွေး၍ ရှက်မိပါသေးသည်။

လျှော်ပြီးဖွပ်ပြီး အဝတ်ဗီရိုထဲမှ ကျွန်တော်နှစ်သက်သည့် အဆင်အသွေးများကို ရွေးယူဝတ်ဆင်ပြီးနောက် အောက်ထပ်သို့ဆင်းခဲ့ရာ၊ မြက ဆီးပြီး-

"အမယ် မောင်က ဒီလုံချည်နဲ့ အင်္ကျီတော့အားကြီးကြိုက်တယ်နော်၊ အရင်တုန်းကဆိုရင်လည်း ဒီအဝတ်အစားကို အမြဲလိုလို ဝတ်တာပဲ" ဟု ပြောလိုက်ရာ ကျွန်တော့်မှာ ကိုခင်မောင်နှင့် ရုပ်ချင်းသာတူသည်မဟုတ်၊ အကြိုက်ချင်းလည်း တူနေသဖြင့် အံ့သြရပြန်ပါသည်။

ထိုနေ့ညနေတွင် ညစာစားကြပါသည်။ ကျွန်တော်နှင့်မြအပြင် မြ၏မယ်တော်ကြီးပါအတူ စားကြပါသည်။ ချက်ပြုတ်ကြော်လှော်ထားသောဟင်းများမှာ ကျွန်တော်၏အကြိုက်ချည်းပင်ဖြစ်တော့သည်။ မြက "မောင်က ငါးသလောက်ကြိုက်တတ်လွန်းလို့ တမင်ဝယ်ပြီး ကြော်ရတာ မောင်ရဲ့၊ အရင်ကလို လိပ်ဥကလေးလည်း စားချင်သေးတယ်မဟုတ်လား" ဟုပြောပြီး ငါးသလောက်ကြော်များနှင့် လိပ်ဥပြုတ်ကို ကျွန်တော်၏ပန်းကန်ထဲသို့ ထည့်ပေးရှာပါသည်။

ထိုညတွင် ကျွန်တော်တို့နှစ်ယောက် အပေါ်ထပ် ပီယာနိုခန်းတွင် ထိုင်နေကြပါသည်။ "မြက ပီယာနိုတီးမယ်၊ မောင်က သီချင်းဆိုနော်၊ မောင်မကြာ မကြာ ဆိုတတ်တဲ့ သီချင်းဟာ ဘာတဲ့လေ မြမေ့နေလို့'

ဤတစ်ချီတွင် ကျွန်တော် အခက်တွေ့တော့သည်။ ကျွန်တော်ရသည့်သီချင်းတစ်ပုဒ်ကို ကောက်ကာငင်ကာ ပြောလိုက်လျှင် ကိုခင်မောင်ဆိုနေကျ သီချင်းမဟုတ်ခဲ့သော် ခက်လိမ့်မည်။ ကျွန်တော်၏ အလိမ်တွေပေါ်တော့မည်။ ကျွန်တော်ကား ကိုခင်မောင်မဟုတ်ပါဟု မြင်ငံ့တွေ့

www.burmeseclassic.com



စက ပြောခဲ့ဖူးသည်။ သို့သော် မြမယုံ၊ ထိုစဉ်အခါက မယုံလျှင် မော်တော်ကားပေါ်တွင် အကျိုးအကြောင်း ရှင်းလင်းပြောပြသင့်သည်။ မော်တော်ကားပေါ်တွင် မပြောခဲ့ဘူးဘဲထားဦးတော့၊ အိမ်ရောက်လျှင် မြကောင်းကောင်းနားလည်အောင်လုံးစေ့ပတ်စေ့ပြောပြသင့်သည်။ သို့သော် ကျွန်တော်မပြော၊ ကျွန်တော်ကား ရေသာခိုကာ တိတ်ဆိတ်လျှို့ဝှက်လျက် ကိုခင်မောင်ယောင် အကြီးအကျယ် ဆောင်၍နေမိချေပြီ။

သို့အယောင်ဆောင်ကြောင်း မြ သိသွားပါလျှင် ကျွန်တော့်အား စိတ်အဆိုးကြီးဆိုးကာ အိမ်မှနှင်ချပေတော့မည်။ ကျွန်တော်ကား ကျွန်တော့်အပြစ်အလျောက် နှင်ချခံရမည်ကို မကြောက်လှသော်လည်း ကျွန်တော့်ကို ကိုခင်မောင်ဟု ထင်ကာ၊ ယုံကြည်ကိုးစားအားရွှင်မြူးနေသော မြခမျာမှာ စိတ်မကောင်းဖြစ်ရှာပါလိမ့်မည်။ ကျွန်တော့်အတွက်က ပိုမို၍အရေးကြီးသည်ဟု ကျွန်တော် အယူရှိကာ ကျွန်တော်၏လုပ်ဇာတ်မပေါ်အောင် အကြီးအကျယ်ဖုံးဖိရပါတော့မည်။

"ဆိုပါမောင်ရဲ့ မောင် မကြာ မကြာဆိုတတ်တဲ့ သီချင်းကိုလေ" ဟု မြက ထပ်လောင်း တောင်းပန်ပြန်ပါသည်။

ကျွန်တော်လည်း အကြံခက်ကာ အကြိုက်ဆုံးသီချင်းကိုဆိုလိုက်လေတော့သည်။

"နံ့သာနီတောင် သီချင်းလားမြရဲ့"

"ဟုတ်တယ် ဟုတ်တယ် မြမေ့နေလို့၊ ကဲ ဆိုစမ်းပါ မောင်ရယ် မြက ပီယာနိုတီးပါ့မယ်"

ကျွန်တော်ကား နေ့စဉ်လိုပင် နံ့သာနီတောင်သီချင်းကိုဆိုကာ ပတ္တလားတီးခဲ့ပါသည်။ ကျွန်တော်နေ့စဉ်ဆိုသောသီချင်းကိုပင် ကိုခင်မောင်အမြဲဆိုလေ့ဆိုထရှိသည်မှာကား အံ့သြဖွယ်ကြီးတရပ်ပင်ဖြစ်ပါတော့သည်။

ကျွန်တော်ကားနံ့သာနီတောင်သီချင်းကို အစွမ်းကုန်ကြိုးစား၍ဆိုလိုက်ပါသည်။ မြကလည်းအားတက်သရော ပီယာနိုတီးရှာပါသည်။သီချင်းဆုံးလျှင်မြသည် ကျွန်တော့်အား နှစ်သိမ့်ကြည်နူးသည့် အကြည့်မျိုးဖြင့် ကြည့်ကာ "မောင် ဦးနှောက်မကောင်းဘူးသာဆိုတယ်၊ ဆိုတဲ့အခါမှာတော့ အမှားအယွင်းမရှိဘူး၊ ရှေးကဆိုပုံ ညပုံ နှံ့ပုံအတိုင်းပဲနော်" ဟု ပြောပါသည်။

"ဒီသီချင်းဟာ မောင့်အသည်းစွဲပေါ့မြရဲ့၊ ဘာပြုလို့ရယ် မဆိုနိုင်ဘူး၊ မောင်ငယ်ငယ်ကလည်း ဒီသီချင်းကိုကြားရရင် စိတ်ထဲမှာ လှိုက်လှိုက်လှဲလှဲနဲ့ ဝမ်းပန်းတနည်းဖြစ်ဖြစ်သွားတယ်၊ ဒီသီချင်းကြားရတဲ့အခါ ဘယ်သူ့ကိုလွမ်းသလိုလို ဘယ်ဟာကိုသတိရသလိုလိုနဲ့ ရင်ထဲမှာ ဆို့ဆို့သွားတာပဲမြရဲ့'

'အမယ်လေး ဒီစကားတွေကို မောင်ပြောတာကြားရလွန်းလို့ မြဖြင့် အလွတ်တောင်ရနေပါပေါ့ရှင်"

ကျွန်တော်အတိုင်းမသိ အံ့သြရပြန်ပါသည်။ နံ့သာနီတောင် သီချင်းကို ကြားရလျှင်၊ ကျွန်တော် ဝမ်းနည်းလှိုက်လှဲသလို၊ ကိုခင်မောင်လည်း ဝမ်းနည်းလှိုက်လှဲခြင်းဖြစ်သည်။ ကျွန်တော်ဤသီချင်းကို နေ့စဉ်ဆိုသလို သူလည်း ဆိုတတ်သည်။ ကျွန်တော်တို့ချင်း အဘယ်ကြောင့်ဤမျှ စိတ်ချင်းသဘောချင်း၊ လူချင်း တူညီကြပါသနည်း။

အမြွှာပူးမွေးသည်ပြောရန်မှာလည်း ကျွန်တော်၏မိဘများတွင် ကျွန်တော်တစ်ယောက်တည်းသာ သားဟူ၍ရှိသည်။ ကျွန်တော်ကား တောရွာတွင်နေရလျက် ကိုခင်မောင်ကား၊ မြို့ကြီးပြကြီးများတွင် စည်းစိမ်သုခနှင့် နေရသည်။ သို့ဖြစ်ပါလျက် ကျွန်တော်တို့ချင်း ဘယ်အတွက် အရာရာတွင် တူနေကြောင်းကို ကျွန်တော် မစဉ်းစားတတ်အောင်ပင် ဖြစ်တော့သည်။

ကျွန်တော်နှင့်မြ ပီယာနိုခန်းက ထွက်ခဲ့ကြပြီးနောက် အိပ်ခန်းတွင်းသို့ ဝင်ကြပါသည်။ ဤအရေးဤကိစ္စအတွက်ကား၊ ကျွန်တော်အသည်းအထိတ်ဆုံးပင် ဖြစ်တော့သည်။ ကိုခင်မောင်ကား၊ သေသည်၊ ရှင်သည်မသိရသေး။ အကယ်၍ ကိုခင်မောင်သေရိုးမှန်ပါက၊ ကျွန်တော်သည်ကိုခင်မောင်၏ကိုယ်စားပြုကာ၊ တစ်သက်လုံး အယောင်ဆောင်၍သွားနိုင်သည်။ မတော်တဆ ကိုခင်မောင်ပြန်လာပါလျှင် မည်သို့ဖြစ်မည်နည်း ကျွန်တော်၏ဇာတ်ထုပ်ပေါ်ကာ ကျွန်တော့်မှာ သူတစ်ပါး၏ သားမယားကိုကြာခိုမှုဖြင့်၊ မင်းပြစ်မင်းဒဏ် သင့်တော့မည်။ မြမှာလည်း အရက်တကွဲအကျိုးနည်းဖြစ်ကာ၊ ကိုခင်မောင်၏ ပြစ်တင်ရှုတ်ချစွန့်ပစ်ခြင်းကို ခံရရှာမည်။ မြလည်းတစ်သက်လုံး စိတ်ချမ်းသာတော့မည်မဟုတ်၊ ကိုခင်မောင်လည်း ရင်ကွဲပက်လက် ဖြစ်ရာတော့မည်။ ကျွန်တော့်မှာလည်း မိုးညစ်သည့်အမှုအတွက် တစ်သက်လုံး လူတောတိုးတော့မည်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ ကျွန်တော်သည် အိပ်ရာထက်တွင် ပက်လက်လှန်ကာ နဖူးပေါ်လက်တင်ပြီး ဤအရေးတွေကို တွေးလျက်၊ အဆွေးကြီးဆွေးမိတော့သည်။

မြကား၊ ကျွန်တော့်အနီးတွင် ခွေခွေကလေး အိပ်စက်နေချေပြီ။

ကျွန်တော်၏စိတ်ရိုင်းကား ထူးဖြတ်၍ လွတ်တော့မည်တကဲကဲ ဖြစ်သည်။ ကျွန်တော်လည်း ထိန်းနိုင်သမျှထိန်း၊ သိမ်းနိုင်သမျှသိမ်းလျက် ကိုယ့်စိတ်ကိုကိုယ် နိုင်လုမနိုင်လုလွန်ဆွဲနေသကဲ့သို့ ဖြစ်နေပါတော့သည်။

ထိုအခိုက် အိပ်ရာခုတင်၏အနီးရှိ စားပွဲငယ်ပေါ်တွင်ထောင်ထားသည့် ကိုခင်မောင်၏ ဓာတ်ပုံကိုလှမ်း၍ မြင်မိသည်။ ကိုခင်မောင်၏ ဓာတ်ပုံဟုသာ ဆိုရသည်။ အမှန်မှာ ကျွန်တော်၏ဓာတ်ပုံနှင့်တစ်သဝေမတိမ်း တူနေပေသည်။ ကျွန်တော်သည် ဓာတ်ပုံကိုကြည့်ရင်း၊ ကျွန်တော်သည် ကိုခင်မောင်–ကိုခင်မောင်သည် ကျွန်တော်ဟုပင် ထင်မိသည်။ ကျွန်တော်နှင့်သူနှစ်ယောက်မှာ တစ်ယောက်တည်းပင်ဖြစ်သလို စိတ်တွင် အောက်မေ့မိသည်။

ထို့ကြောင့် ကိုခင်မောင်ပူဆွေးရမည့် ကိစ္စသည် ကျွန်တော်ပူဆွေးရမည်ကဲ့သို့ပင် ထင်မှတ်သည်။ သူမနှစ်သက်သောအလုပ်သည် ကျွန်တော် မနှစ်သက်သောအလုပ်ဟုအယူရှိသည်။ ကျွန်တော်ကား ကျွန်တော်၏ပုံတူကိုကြည့်ကာ၊ ကိုခင်မောင်အား ကိုယ်နှင့်ထပ်တူ ချစ်ခင်ကြည်ဖြူသနားမိသည်။

၎င်းအပြင် ကိုခင်မောင်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းကိစ္စကို တွေးတောဆင်ခြင်မိပြန်သည်။ သူသည် အဖေမြန်မာပြည်၏သားကောင်းရတနာပီပီ မြန်မာ့လွတ်လပ်ရေးအတွက်အသက်ကို အသက်မမှတ်ဘဲ စစ်မြေပြင်သို့ထွက်ခွာသွားသူဖြစ်သည်။ထိုသူ၏ ချစ်ဇနီးကို ကျွန်တော်ကျူးလွန်စော်ကားခဲ့ချေသော်၊ ကိုခင်မောင်ကို စော်ကားရုံသာမက၊ အဖ–မြန်မာပြည်ကို စော်ကားရာလည်းရောက်သည်။ မြန်မာတစ်မျိုးလုံးကို စော်ကားခြင်းလည်း မည်ပေသည်။ ယနေ့ပင်လျှင် ကျွန်တော်သည် တိုင်းပြည်လွတ်လပ်ရေးအတွက် လိုရာသုံးရန်အသက်နှင့်ခန္ဓာကို အပ်နှံခဲ့သည်မဟုတ်ပါလော။ ထို့ကြောင့် ကျွန်တော်သည် ဆုံးဖြတ်ချက်တစ်ခုကို ရဲတင်းစွာချလိုက်ပါသည်။

"ကိုခင်မောင် သေကြောင်း၊ မသေကြောင်း မသိရမချင်း၊ မြကို ကျူးလွန်ခြင်းမပြု၊ ကိုခင်မောင်သေကြောင်းဒိဋ္ဌသိရပါက မြကို အကျိုးအကြောင်းလုံးဥသုံ့ပြောပြကာ မြက ကျေနပ်ခွင့်ပြုမှသာ မြကိုယူမည်။ မြက မကျေနပ်လျှင် မယူ" ဤကဲ့သို့ ဆုံးဖြတ်ကာ စိတ်ကိုနိုင်အောင် ထိန်းရပါတော့သည်။ ထိုကဲ့သို့ ထိန်း၍ရသဖြင့် ကျွန်တော့်ကိုယ်ကျွန်တော် အံ့ဩမိ ပါသည်။ အဘယ့်ကြောင့် ထိန်းနိုင်သနည်းဟူသော အကြောင်းရင်းကို ရှာဖွေစုံစမ်းကြည့်မိရာ၊ အကြောင်းရင်းအစစ်အမှန်ကိုလည်း တွေ့ရှိစဉ်းစားမိပါသည်။

ကျွန်တော်နှင့်ကိုခင်မောင်မှာ အရာရာတွင် တူလှပေသည်။ ထို့ကြောင့် ကိုခင်မောင်ကို ကိုယ်နှင့်ထပ်တူချစ်ခင်ကြင်နာမိသည်။ ထိုကဲ့သို့ချစ်ခင် ကြင်နာသူ၏ မယားကိုကျူးလွန်စော်ကားခြင်း၊ မပြုမိအောင် ချုပ်တည်းခြင်းမှာ မဖြစ်နိုင်သောအရာမဟုတ်ပါ။ ဥပမာ ကိုယ်၏ညီအစ်ကိုရင်းချာ၏သားမယားကို အခွင့်သာ၍ အခါသင့်သော်လည်း ရှောင်ကွင်းနိုင်ကြသည် မဟုတ်ပါလော။

၎င်းပြင် မြကို ကျွန်တော်တကယ် ချစ်ခင်သနားရိုးလည်းမှန်ပါသည်။ ကျေးဇူးလည်း တင်ပါသည်။ ထိုကျေးဇူးရှင်အချစ်မကလေး၏ နောင်ရေးအတွက် စိတ်မအေးဖွယ်ကိစ္စကို ကျွန်တော်မချုပ်တည်းဘဲ နေနိုင်ပါမည်လော။

သို့ဖြင့်ရက်ပေါင်းအတော်ကြာ ကုန်လွန်ကြာညောင်းခဲ့ပါသည်။ တောနေ ကျွန်တော်၏မိဘများမှာ ကျွန်တော့်အတွက်တွေးတောပူပန်ကြလိမ့်မည်ဟု စိုးရိမ်စိတ်မချဖြစ်မိပါသည်။ သူတို့ထံသို့ အကျိုးအကြောင်းစာရေးရမည်ကလည်း မတော်တဆ သူတို့လိုက်လာပါက ကျွန်တော်၏ ဇာတ်ထုပ်ပေါ်ကာ အစီအစဉ်တွေ ပျက်ကုန်တော့မည်။ သူတို့ထံမှ စာပြန်လျှင် ထိုစာကိုမြ တွေ့၍သွားပါကလည်း ခက်လိမ့်မည်။ ထို့ကြောင့် ကျွန်တော်၏မိဘများအတွက် ကျွန်တော့်မှာ ဥပေက္ခာပြု၍ ထားရပါတော့သတည်း။

တစ်နေ့တွင် ကျွန်တော်အိပ်ရာက ထသည်နှင့်တစ်ပြိုင်နက် စိတ်ဓာတ်တွေလေးလှသည်။ တစ်စုံတစ်ခုထူးထူးထွေထွေ ဖြစ်တော့မည်ဟု တွေးတောပူပန်မိသည်။ ထို့ကြောင့် စိတ်လေးလေးနှင့်ပင် အိပ်ရာကထ မျက်နှာသစ်ပြီးအောက်ထပ်သို့ဆင်းသွားရာ၊ မြတို့ သားအမိမှာလည်း မျက်နှာပျက်၍နေသည်ကိုတွေ့ရသဖြင့်၊ ကျွန်တော်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အတော်ကြီး ထိတ်လန့်တုန်လှုပ်သွားမိပါသည်။ မြအား အကျိုးအကြောင်းမေးမည်ကြံသော်လည်း မမေးဝံ့၊ မမေး ရက်သဖြင့် ပူပင်စိုးရိမ်စွာနှင့်ပင် နေရတော့သည်။

မြကား ကျွန်တော့်ကို ရေးကဲ့သို့ ဖော်ဖော်ရွေရွေ ခေါ် ပြောခြင်းမရှိဘဲ၊ ခပ်တည်တည်လုပ်နေပါသည်။ မြ၏ မိခင်ကား ကျွန်တော့်ကို စောင်းမြောင်းရေရွတ်၍ပင် ပြော နေပါတော့သည်။ ပါပီသည် ကျွန်တော့်ကို ရှေးကထက် ပိုကာ၊ မာန်မဲဟိန်းဟောင်တော့သည်။

မြမိခင်က "ဟော့ မြ ညည်းဟာလေ ခွေးလောက်မှ မလိမ္မာဘူး" ဟု ပြောလိုက်ရာ၊ ကျွန်တော့်ဇာတ်ထုပ်ကို သူတို့ရိပ်မိသိရှိပြီးဖြစ်ကြောင်း၊ အကဲခတ်နိုင်ပါသည်။ ကျွန်တော်ကားမနေတတ်၊ မထိုင်တတ်ဖြစ်နေကာ ညအခါ ကျမှ ကျွန်တော့်အကြောင်းကို အစအဆုံး ဇာတ်လှန်ပြော ပြတော့မည်ဟု ဆုံးဖြတ်လိုက်ပါသည်။ ကျွန်တော်ကား ထိုနေ့တစ်နေ့လုံးပင် တအုံ့နွေးနွေးနှင့် စိတ်မအေးဘဲ ဖြစ် နေပါသည်။

ထိုညနေရီဝင်တရော အချိန်တွင် ပါပီသည်ထူးခြား စွာအော်မြည်လျက်၊ တိုက်ပေါ်မှ ဆင်းပြေးပါသည်။ ကျွန် တော်တို့သုံးယောက်စလုံး လှမ်းမျှော်ကြည့်ရှုလိုက်ရာ လူ တစ်ယောက်သည် ခြံတွင်းသို့ခပ်သုတ်သုတ် ဝင်လာသည် ကို မြင်ရပါသည်။ ထိုသူသည် ဘယ်သူဘယ်ဝါဖြစ် ကြောင်း ကျွန်တော်အရင်ဆုံးသိပါသည်။

"ဟော ကိုခင်မောင်ပြန်လာပြီ မေမေ" ဟု မြကသူ့ မိခင်ဘက်သို့လှည့်ကာ၊ ဝမ်းမြောက်ရွှင်ပျစွာ ပြောလိုက်ရာ ကျွန်တော့်မှာ ငယ်ထိပ်ကို မိုးကြိုးထိမှန်သလို ထိတ်လန့် တုန်လှုပ်သွားပြီး၊ ကြက်သေသေနေမိပါသည်။

မြတို့သားအမိက ကျွန်တော့်ကို စိုက်၍ကြည့်နေကြ သည်။ ကျွန်တော်ဘာလုပ်ရမည်ကို ချက်ချင်းဆုံးဖြတ် လိုက်ပါသည်။ စကားပြောနေ စဉ်းစားနေရန် အချိန်မရပါ။ ကျွန်တော်လျင်မြန်စွာ အတွင်းသို့ပြေးဝင်ကာ နောက်ဖေး ပေါက်မှ ထွက်ခဲ့ပါသည်။ ထို့နောက် သူတို့၏ အဖြစ် သနစ်ကို ကြားချင်သိချင်သေးသဖြင့် တိုက်နံရံအနီးသို့ ကပ်ကာ ချောင်းမြောင်းကြည့်ရှုနားထောင်မိပါသည်။

မြသည် ကိုခင်မောင်ကိုဖက်ကာ၊ တရှုပ်ရှုပ်ငိုရှာပါ သည်။ ထို့နောက် သားအမိနှစ်ယောက်စလုံး ဝမ်းမြောက် စကားများ ပြောပါသည်။ ထိုစကားများကား ကျွန်တော် နှင့် စတွေ့စဉ်က ပြောသောစကားများပင် ဖြစ်ပါသည်။ ကျွန်တော်သည် မှောင်ရိပ်ခိုကာ ကိုခင်မောင်ကိုကြည့် မိသည်။ ကျွန်တော်မှ ကျွန်တော်အစစ်ပင်ဖြစ်သည်။ အခြားသူကကို မဆိုထားနှင့် ကျွန်တော်တို့ချင်းပင် လူချင်း မှားလောက်ပေသည်။

ကျွန်တော်၏စိတ်ထဲတွင် ကိုခင်မောင်ဆိုသူသည် ကျွန်တော်ပင်ဖြစ်သည်။ မြတို့ချစ်ခင် ယုယနေသူမှာ လည်း ကျွန်တော်သာဖြစ်သည်ဟုပင် ထင်မိပါသေးသည်။

ကိုခင်မောင်က ကျွန်တော်၏အသံမျိုးအတိုင်းနှင့် ဝမ်းသာအားရ ပြောရှာပါသည်။

"မောင်တို့ တော်လှန်ရေးစလုပ်တော့ မောင်ဟာ ရခိုင် ပြည်နယ်စစ်မြေပြင်မှာ ရောက်နေတယ်မြရဲ့၊ တော်လှန်ရေး လည်းပြီးရော တောကြိုအုံကြားရွာကလေးတရွာမှာ ငှက်ဖျားအကြီးအကျယ်မိပြီး သေမတတ်ခံခဲ့ရတယ်။ မောင့်ကိုယ်ကို မောင်သေပြီလို့တောင် ထင်မိတယ်။ သို့ပေမဲ့ သေကံမရောက်သက်မပျောက် ဆိုတာလို သေမင်းခံတွင်း ထဲက ထွက်ခဲ့ပြီး၊ ကျန်းမာချင်း ကျန်းမာချင်း ပြန်လာခဲ့တာ ပဲ" စသည်ဖြင့် ပြောပါသည်။ သူပြောသည့်အသံ သူပြော သည့်လေယူလေထားတို့မှာ ကျွန်တော်နှင့်တစ်သဝေ မတိမ်းဖြစ်ရာ ကျွန်တော်ပဲစကားပြောနေမိတော့သလို ထင်မိပါသည်။

"မောင် ဒီနေ့ရောက်မှာမို့ထင်ပါရဲ့၊ နိမိတ်တော့အပြ သား" ဟု မြကပြောပါသည်။

"ဘယ်လို နိမိတ်လဲ မြရဲ့'

မြ သည် ဗီရိုတလုံးကိုဖွင့်ကာ၊ သတင်းစာတစောင် ကိုထုတ်ယူပြီး လှန်လှောလျက် ကိုခင်မောင်ကို ပြပါ သည်။ ကိုခင်မောင်သည် သတင်းစာကို စိတ်ပါဝင်စားစွာ ဖတ်နေပါသည်။

"သိပ်ထူးဆန်းတာပဲနော် မောင်၊ အောက်ကကြော်ငြာ ကိုသာ မတွေ့ရရင် မောင့်ဓာတ်ပုံလို့ ထင်မှာပဲ၊ လောက မှာ ဒီလောက်ရွေးမရအောင်တူတဲ့ လူများရှိသေးတယ်နော်" ဟု မြကပြောပါသည်။

"ရန်ကုန်ထွက်သွားတာ ပျောက်ဆုံးနေလို့ သူ့မိဘ တွေက ကြော်ငြာတာပဲ၊ မြတို့နဲ့ မတွေ့တာ တော်ပါသေး ရဲ့ကွယ်၊ မြနဲ့သာတွေ့ရင် မောင်လို့ဆိုပြီး အိမ်ကိုအောင်း ခေါ်လာလိမ့်မယ်ထင်တယ်"

www.burmeseclassic.com



ထိုစကားကို ကြားသောအခါ မြရော့သူ့မိခင်ပါ မျက်နှာပျက်၍သွားကြပါသည်။

ကိုခင်မောင်သည့် တစ်စုံတစ်ရာကို နက်နဲစွာတွေးတောနေသဖြင့် မြတို့မျက်နှာပျက်နေသည်ကို သတိထားမိဟန် မတူပါ။

"မောင်တော့ ဒီလိုထင်တယ်" ဟု ကိုခင်မောင်က ပြောလိုက်ရာ၊ မြက "ဘယ်လိုထင်သလဲ"ဟု စိတ်အားထက်သန်စွာ မေးလိုက်ပါသည်။

"ဒီလူဟာ မောင်နဲ့ညီအကို ဖြစ်ရမယ်"

"အို မောင်ကလည်း မတော်တရော်၊ လူချင်းတူတာနဲ့ ညီအစ်ကိုဖြစ်ရမှာလား မောင်ရဲ့" ဟု မြက အံ့ဩသံဖြင့် မေးပါ၏။

"မောင်တို့ ဖေဖေဟာ၊ ငယ်ငယ်ကမောင့်ရုပ်အတိုင်းပဲ ရှမ်းပြည်နယ်မှာ မေမေနဲ့စိတ်ဆိုးပြီး ထွက်သွားတုန်းက ရှမ်းပြည်နယ်က ရှမ်းမကလေးနဲ့ သားတစ်ယောက်ရတယ်လို့ ပြောဖူးတယ်။ ညီအစ်ကိုမှ ရိုးရိုးညီအစ်ကို မဟုတ်ဘူး၊ အမြွှာပူးညီအစ်ကိုဖြစ်ရမယ်"

"အို..မောင်ကလည်း စိတ်များနောက်နေသလား၊ မဆိုနိုင်ပါဘူး" ဟု မြက စိုးရိမ်သံဖြင့် ပြောပါသည်။

"မောင် စိတ်မနောက်ဘူး၊ တကယ်ပြောနေတာ၊ မြကို ဒီအကြောင်းတစ်ခါမှ မောင်ပြောမပြဘူးထင်ပါရဲ့"

"ဘယ်အကြောင်းလဲမောင်" ဟု မြက စိတ်အားထက်သန်စွာ မေးလိုက်ပါသည်။

"ကိုကိုတို့ အမြွှာပူးမွေးတဲ့အကြောင်းကိုလေ"

"ဟင့်အင်း ပြောမပြဘူးဘူးမောင်ရဲ့၊ ပြောစမ်းပါဦး၊ ဘယ်လိုအမြွှာပူးမွေးတာလဲ"

ကျွန်တော်ကား စိတ်အားထက်သန်လွန်းရကား၊ အသက်ရှူပင် ရပ်တန့်မိကာ လုံးစေ့–ပတ်စေ့ ကြားပါစေတော့ဟု နားကိုလက်ကာပြီး နားထောင်ရပါသည်။

"မောင်တို့အမြွှာပူး ညီအစ်ကိုမွေးသတဲ့ မြရဲ့၊ ၃ နှစ်သားလောက်ရှိတော့၊ မောင်တို့မိဘများအိမ်ကို ဓားပြတွေဝင်တိုက်တာ၊ ကလေးတစ်ယောက်ကိုဓားပြတွေ ခေါ်သွားကြသတဲ့၊ နောက်တော့ ဒီကလေးကို ရှာလို့ဖွေလို့လည်းမရ၊ သတင်းအစအနလည်း မကြားရတော့သေပြီလို့ မှတ်နေကြတာပေါ့။ ဒီဓာတ်ပုံထဲမှာ ပါတဲ့လူဟာ မောင့်ညီအစ်ကိုတော်ဖြစ်မှာပဲ၊ ဒါကြောင့် ဒီလောက်ချွတ်စွပ်တူနိုင်တာပေါ့ကွဲ့"

"ဒါဖြင့် ဒီလူကိုဓားပြတွေက၊ မွေးထားတယ်ထင်ပါရဲ့နော်"ဟု မြကမေးပါသည်။

"ဓားပြတွေကမွေးထားရင်လည်း ဖြစ်ရမယ်၊ ဒါမှမဟုတ်ရင်လည်း ဓားပြတွေကတခြားလူကို ပေးပြီး အဲဒီလူက မွေးထားတာလည်း ဖြစ်ရမယ်"

ကျွန်တော်၏ အဖြစ်ဘဝကို ကျွန်တော်ပင်မသိပါ။ ကိုခင်မောင်ပြောမှပင်သိရပါတော့သည်။ ကျွန်တော်ကား ချမ်းသာကြွယ်ဝသောမိဘကမွေးပါလျက် ဆင်းရဲအောက်ကျကာ တောရွာတွင်နေထိုင်ကြီးပြင်းရသည့် ဘဝဆိုးကို တွေးတောဆွေးမြည့်မိသဖြင့် မျက်ရည်လည်မိပါတော့သည်။

ကျွန်တော်၏ကံတရားကား၊ ဤကဲ့သို့ပင် စီရင်ချက်ချခဲ့သည်။ သတ္တဝါမှန်သမျှ ကံပစ်ချရာ နေရသည်ဟူသော ဘုရားဟောတရားတော်ကား ကျွန်တော့်အတွက် မှန်ခြင်းကြီးမက မှန်ပါတော့သည်တကား။

ကျွန်တော်ကား ခေါင်းငိုက်စိုက်ချကာ ညှိုးလျသော နှလုံးမီးအုံးထားသကဲ့သို့သော ခန္ဓာကိုယ်ဖြင့် ကိုခင်မောင်နှင့်မြတို့၏တိုက်အနီးမှ ခွာဆုတ်၍ လာခါနီးတွင် နောက်ဆုံးကြားလိုက်ရသော စကားကား–

"ဒီလူ့မိဘတွေနေတဲ့ နေရပ်ဟာ သတင်းစာထဲမှာ အပါသားပဲ မြရဲ့၊ မောင်တို့သူ့ဆီလိုက်သွားရအောင်၊ အကျိုးအကြောင်းပြောပြပြီး၊ မောင်တို့နဲ့ အတူခေါ်ထားမယ်နော်၊ မောင့်ညီအစ်ကိုတော်ဟာ တောကြိုအုံကြားမှာ ဆင်းရဲနေတာ မကြည့်ရက်ပါဘူးကွယ်" ဟူသော ကိုခင်မောင်၏စကားမှာ ကျွန်တော်၏နားထဲတွင် စွဲဝင် နစ်မြုပ်ခဲ့ပါတော့သတည်း။

❖

အတွဲ–၂၊ အမှတ်–၁၅၊ ၁၉၄၉၊ မေ၊
ပဒေသာရုပ်စုံ မဂ္ဂဇင်း

www.burmeseclassic.com